

## စီစီအိပ်ချ်ပီနှင့် ဆာဒယ်လစ်မိသားစု

လီဆာဆာဒယ်လစ်သည် မစွမ်းမသန်ကလေးနှစ်ဦးကို တယောက်တည်း အုပ်ထိန်းသည့် မိခင်တဦးဖြစ်သည်။ အမရာသည် စကားမပြောနိုင်သူဖြစ်ပြီး၊ အော်တစ်ဇင် (ခေါ်) ကလေးဘဝမှစ၍ တဖြည်းဖြည်းဖြစ်လာသော အထီးကျန် စိတ်ဝေဒနာ၊ အတက်ရောဂါနှင့် မွေးရာပါ ပုံမှန်မဟုတ်သည့် ရောဂါတခုတို့ ရှိနေကြောင်း စစ်ဆေး၍ တွေ့ရှိထားသည်။ မက်စ်သည်လည်း စကားမပြောနိုင်သူဖြစ်ပြီး၊ ဥပဒေ သတ်မှတ်ချက်အရ တစိတ်တပိုင်း အမြင်အာရုံချို့ယွင်းမှု ရှိနေသည်။ ထို့အပြင် ၎င်းသည် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ အကန့်အသတ်များအပြင်၊ ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ မစွမ်းမသန်မှုတခုလည်း ရှိသည်။

အမရာနှင့် မက်စ် နှစ်ဦးစလုံးသည် ဝန်ဆောင်မှုအမျိုးမျိုးကို ရရှိနေကြပြီး၊ ဘီးတပ်ကုလားထိုင်များကို သုံးကြသည်။

အလယ်ပိုင်း လူထု ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု (စီစီအိပ်ချ်ပီ) လူနာစောင့်ရှောက်ရေး ညှိနှိုင်းသူက ဆာဒယ်လစ်မိသားစုနှင့် တွေ့ခဲ့စဉ် လီဆာသည် ဆရာဝန်များနှင့် တွေ့ဆုံဆွေးနွေးဖို့ သွားရန်နှင့် ကျောင်းအခြေပြုနှင့် (ပြင်ပ) ကျန်းမာရေးစောင့်ရှောက်မှုပေးသူအများအပြားနှင့် ချိတ်ဆက်ရန် အကောင်းဆုံး လုပ်နေခဲ့သည်။ ဝန်ဆောင်မှုများနှင့် ထောက်ပံ့မှုများကို စီစဉ်ရန် ဒီပီအိပ်ချ် (ခေါ်) ပြည်သူ့ကျန်းမာရေးဌာနနှင့်အတူ အလုပ်လုပ်စဉ်တွင် လီဆာသည် ဝန်ဆောင်မှုပေးသူများနှင့် ကျွမ်းကျင်ပညာရှင်များအတွက် မကြာခဏ သတင်းအချက်အလက်ပေးရာ ပင်မအရင်းအမြစ် ဖြစ်ခဲ့သည်။

စီစီအိပ်ချ်ပီ လူနာစောင့်ရှောက်ရေး ညှိနှိုင်းသူသည် မိသားစု၏လိုအပ်ချက်များကို အမြန် အကဲဖြတ်ပြီး၊ ကလေးတဦးချင်းစီအတွက် အသေးစိတ်ကျသော၊ တဦးချင်းစီကို အဓိကထားသော ပြုစုစောင့်ရှောက်ရေးအစီအစဉ်တခုကို ရေးဆွဲပေးခဲ့သည်။ ဤအစီအစဉ်တွင် ကလေးများ၏ လိုအပ်ချက်များ၊ ဝန်ဆောင်မှုပေးသူများနှင့် ပန်းတိုင်များ ပါဝင်သည်။

လူနာစောင့်ရှောက်ရေး ညှိနှိုင်းသူသည်လည်း ကလေးများ၏ နေ့စဉ် လိုအပ်ချက်များကို ထောက်ပံ့ရန် လိုအပ်သော ဆေးဘက်ဆိုင်ရာ ပစ္စည်းများကို မိသားစုက ရရှိကြောင်း သေချာအောင် လုပ်ပေးခဲ့သည်။

အမရာနှင့် မက်စ် နှစ်ဦးစလုံး၏ လိုအပ်ချက်များကို တပြိုင်နက်တည်း ချောမွေ့စွာ ဖြည့်ဆည်းနိုင်အောင် စုစည်း၍ စီမံခန့်ခွဲရန် ကူညီပေးခြင်းဖြင့်၊ စီစီအိပ်ချ်ပီသည် လီဆာနှင့် သူမ၏ ကလေးများအပေါ် သက်ရောက်မှုကြီးစွာဖြစ်စေခဲ့သည်။

*ကျွန်ုပ်တို့သည် ကျန်းမာရေးပိုကောင်းပြီး ကိုယ်ရောစိတ်ပါ ပိုနေကောင်းစေရန်အတွက် သင့်တော်သော ကျန်းမာရေးစောင့်ရှောက်မှုများကို အချိန်နှင့်တပြေးညီ ချောမွေ့စွာ ရယူနိုင်အောင် စုစည်း၍ စီမံခန့်ခွဲပေးရန် သင်၊ သင်၏မိသားစု/ပြုစုစောင့်ရှောက်မှုပေးသူများအပြင်၊ သင့်အတွက် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုပေးသူများနှင့်အတူ ပူးပေါင်း၍ မိတ်ဖက်များအဖြစ် အတူတကွ အလုပ်လုပ်ကြပါသည်။ ကျွန်ုပ်တို့သည် လူတိုင်း ၎င်းတို့၏ စွမ်းရည်အမြင့်ဆုံးသို့ ရောက်ရှိရန်နှင့် ကျန်းမာ၍ လူ့အသိုင်းအဝိုင်းတွင် တက်ကြွစွာ လှုပ်ရှားနေသော အဖွဲ့ဝင်များ ဖြစ်လာရန် အခွင့်အရေးရှိသင့်သည်ဟု ယုံကြည်ပါသည်။ ဤပန်းတိုင်သို့ သင် ရောက်ရှိနိုင်ရေးအတွက် ကျွန်ုပ်တို့က ကူညီပေးလိုပါသည်။*




**centralchp.org**

**အထွေထွေသတင်းအချက်အလက်အတွက်**

**centralchp.org** သို့ဝင်ကြည့်ပါ

သို့မဟုတ် **info@centralchp.org** သို့ အီးမေးလ်ပို့ပါ

**ACO များနှင့် ဆရာဝန်ရုံးခန်းများအတွက် –**

ရည်ညွှန်းရန်

အလယ်ပိုင်း လူထု

# ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု

အပြုအမူဆိုင်ရာကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုများ



***MassHealth ACO နှင့် MCO အဖွဲ့ဝင်များအတွက် သင့်တော်သော ကျန်းမာရေးစောင့်ရှောက်မှုများကို အချိန်နှင့်တပြေးညီ ချောမွေ့စွာ ရယူနိုင်အောင် စုစည်း၍ စီမံခန့်ခွဲပေးသည့်လုပ်ငန်းစဉ်***

စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများကို အချိန်နှင့်တပြေးညီ ရယူရာတွင် သင်အတားအဆီးများကို ကျော်လွှားနိုင်ရန် ကူညီပေးခြင်း

**centralchp.org**

# ကျွန်ုပ်တို့က ဘယ်သူတွေလဲ

အလယ်ပိုင်း လူထု ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု (စီစီအိပ်ချ်ပီ) သည် Open Sky Community Services (လူထုဝန်ဆောင်မှုအဖွဲ့) ၏ အစီအစဉ်တခုဖြစ်သည်။ ကျွန်ုပ်တို့သည် Venture Community Services (လူထုဝန်ဆောင်မှုအဖွဲ့)၊ Elder Services of Worcester Area (ဝူစတာဒေသရှိ လူကြီးများအတွက် ဝန်ဆောင်မှုအဖွဲ့) နှင့် Center for Living and Working (နေထိုင်မှုနှင့် အလုပ်အကိုင်အတွက် စင်တာ)တို့နှင့် မိတ်ဖက်ပြု၍ ပူးပေါင်းဆောင်ရွက်နေပါသည်။ ကျွန်ုပ်တို့၏မိတ်ဖက်အဖွဲ့များသည် MassHealth က ရန်ပုံငွေထောက်ပံ့ပေးထားသည့် လူနာစောင့်ရှောက်မှုအတွက် ညှိနှိုင်းဝန်ဆောင်မှုများကို သင့်ထံ ဝန်ဆောင်ပေးရန် ပူးပေါင်းအလုပ်လုပ်နေကြပါသည်။

ကျွန်ုပ်တို့၏အဖွဲ့တွင် လိုင်စင်ရ လက်တွေ့ဆေးကု၊ ပြုစု၊ စောင့်ရှောက်မှုပေးသော မန်နေဂျာများ၊ မှတ်ပုံတင်ထားသော (လက်မှတ်ရ) သူနာပြုများနှင့် လူနာစောင့်ရှောက်ရေးညှိနှိုင်းသူများ ပါဝင်ကြပြီး၊ အားလုံးသည် ဆရာဝန်များနှင့် သင်ကဲ့သို့သောလူနာများကို ကူညီရန် အတူတကွ အလုပ်လုပ်ကြသည်။







*မဆိုင်းမတွ တုံ့ပြန်သော | တာဝန်ခံမှုရှိသော | ကျွမ်းကျင်သော*

## *မက်ဆာချူးဆက်ဒေသအလယ်ပိုင်းရှိ လူထုဝန်ဆောင်မှုအရင်းအမြစ်များအကြောင်း ကျယ်ပြန့်စွာ သိရှိခြင်း*

# ကျွန်ုပ်တို့၏အခန်းကဏ္ဍ

### *ကျွန်ုပ်တို့၏အခန်းကဏ္ဍမှာ အောက်ပါအတိုင်းဖြစ်ပါသည် -*

- သင်၏လိုအပ်ချက်များကို နားလည်ရန်
- သင်၏ကျန်းမာရေးပန်းတိုင်များ ချမှတ်ရာတွင် ကူညီဖို့ သင့်ကို ပံ့ပိုးပေးရန်
- သင်၏လိုအပ်ချက်များအတိုင်း ကူညီဖို့ ဝန်ဆောင်မှုများနှင့် သင့်ကို ချိတ်ဆက်ပေးရန်

ရည်ရွယ်ချက်မှာ သင် ကျန်းမာရေးကောင်းရန်၊ စိတ်ရောကိုယ်ပါ နေကောင်းရန်နှင့် ပြန်လည်နာလန်ထူရန် သင့်ကို ကူညီပေးဖို့ဖြစ်သည်။ ဤဝန်ဆောင်မှုများသည် သင်၏ MassHealth ခံစားခွင့်များတွင် ပါဝင်သောကြောင့် သင့်အတွက် အခမဲ့ဖြစ်ပါသည်။

### *သင့်အနေဖြင့် လွယ်ကူစွာ ဝင်ရောက်အသုံးပြုနိုင်အောင် ကျွန်ုပ်တို့က အောက်ပါတို့ကို ပံ့ပိုးပေးထားပါသည် -*

- **သင်ဘယ်ရောက်နေနေ သင့်ကို လာတွေ့နိုင်သည်** - သင့်အိမ်၊ ဆေးရုံ၊ အိမ်နားပတ်ဝန်းကျင်၊ ခိုလှုံရာနေရာတခုခု၊ စားသောက်ဆိုင်ကြီး သို့မဟုတ် လမ်းဘေးစားသောက်ဆိုင်ငယ်တခုခုစသည့် သင်ရွေးလိုက်သည့်ဘယ်နေရာမဆိုတွင် လာတွေ့နိုင်ပါသည်။
- **သင့်ဘာသာစကားဖြင့် ပြောဆိုနိုင်သည်** - သို့မဟုတ် ဘာသာပြန်ဝန်ဆောင်မှုများကို ပေးပါမည်။
- **သင့်အတွက် အရေးကြီးသောအရာများကို သဘောပေါက်လာအောင် လေ့လာသွားနိုင်သည်** - သင်၏အားသာချက်များမှာ အဘယ်နည်း။ ဘာတွေက သင့်အတွက် အကောင်းဆုံးအလုပ်ဖြစ်သနည်း။ သင်၏ ရည်မှန်းချက်များနှင့် ကျန်းမာရေးအတွက် လိုအပ်ချက်များမှာ မည်သည်တို့နည်း။
- **သင့်ကို ဝန်ဆောင်မှုများ၊ အကူအညီများနှင့် ချိတ်ဆက်ပေးနိုင်သည်** - သင်စိတ်ချယုံကြည်သောကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် ရိုးသားပွင့်လင်းစွာ ပြောဆိုဆက်ဆံနိုင်ကြောင်း သေချာစေပါသည်။
- ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ **လမ်းညွှန်မှုများ၊ အကူအညီများ ပေးပါမည်။**
- အာဟာရ၊ အိမ်ရာ၊ အလုပ်အကိုင်နှင့် ပညာရေးဆိုင်ရာ အရင်းအမြစ်များနှင့်ပတ်သက်၍ သင့်ကို ကူညီရန် **လူထုအရင်းအမြစ်များနှင့် ချိတ်ဆက်ပေးနိုင်ပါသည်။**
- သင့်ဆရာဝန်နှင့် သင်စိတ်ချယုံကြည်ရသော အခြားဝန်ဆောင်မှုပေးသူများနှင့်အတူ လက်တွဲ၍ ကောင်းစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် **အဖွဲ့လိုက်လုပ်ဆောင်ပါသည်။**
- **သင့်ရည်မှန်းချက်များ ပြည့်မီသည်အထိ သင်နှင့်အတူ ဆက်အလုပ်လုပ်သွားပါမည် -** မိသားစု၏ အရေးပေါ်အခြေအနေ၊ ရုတ်တရက်ဖျားနာခြင်း၊ သို့မဟုတ် အလုပ်အကိုင် သို့မဟုတ် အကျိုးခံစားခွင့်များတွင် အပြောင်းအလဲ ရှိပါက အလျင်အမြန် တုံ့ပြန်နိုင်ပါသည်။







### *ဝန်ဆောင်မှုခံစားခွင့် သတ်မှတ်ချက် လမ်းညွှန်*

## လူထုအဖွဲ့အစည်းများနှင့် မိတ်ဖက်ပြု ပူးပေါင်း၍ ပေးသော အပြုအမူဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများ (ဘီအိပ်ချ်စီပီ)

- *ACO သို့မဟုတ် MCO နှင့် ချိတ်ဆက်ထားသည့် MassHealth အဖွဲ့ဝင်*
- *၁၈ - ၆၄ နှစ်အတွင်း*
- *အောက်ပါအချက်များအနက်မှ တခုနှင့် သို့မဟုတ် တခုထက်ပို၍ ကိုက်ညီသည် -*
  - အပြုအမူဆိုင်ရာ ကျန်းမာရေး လိုအပ်ချက်များ သို့မဟုတ် ဆေး/အရက်စွဲမှုမှ ပြန်လည်နာလန်ထူရန် လိုအပ်ချက်များ
  - အပြုအမူဆိုင်ရာ ကျန်းမာရေး လိုအပ်ချက်များအပြင် ဆေးဘက်ဆိုင်ရာ ကျန်းမာရေး ပြဿနာများစွာ ရှိခြင်း
  - အေစီစီအက်စ် (စိတ်ဝေဒနာပြင်းထန်သော အရွယ်ရောက်ပြီးလူထုအခြေပြု လက်တွေ့ဆေးကုသရေး ဝန်ဆောင်မှုများ) နှင့်/သို့မဟုတ် စိတ်ကျန်းမာရေးဌာန (ဒီအမ်အိပ်ချ်) နှင့် ပါဝင်ပတ်သတ်မှုရှိခြင်း

## လူထုအဖွဲ့အစည်းများနှင့် မိတ်ဖက်ပြု ပူးပေါင်း၍ ပေးသော LTSS (ရေရှည်ဝန်ဆောင်မှုများနှင့် အကူအညီများ) ဝန်ဆောင်မှုများ ခံစားခွင့် သတ်မှတ်ချက်

- *ACO သို့မဟုတ် MCO နှင့် ချိတ်ဆက်ထားသည့် MassHealth အဖွဲ့ဝင်*
- *၃ - ၆၄ နှစ်အတွင်း*
- *အောက်ပါအချက်များအနက်မှ တခုနှင့် သို့မဟုတ် တခုထက်ပို၍ ကိုက်ညီသည် -*
  - ဦးနှောက်ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် မှတ်ဉာဏ်ချို့ယွင်းခြင်း
  - ခန္ဓာကိုယ်ပိုင်းဆိုင်ရာ မသန်မစွမ်းမှု သို့မဟုတ် ဆေးဘက်ဆိုင်ရာ ကျန်းမာရေး ပြဿနာများစွာ ရှိခြင်း
  - အော်တစ်ဇင် အပါအဝင် ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာ သို့မဟုတ် ဖွံ့ဖြိုးမှုဆိုင်ရာ မသန်မစွမ်းမှု